## အသောကကျောက်စာ မြန်မာပြန်

# ဒုတိယအကြိမ်ပုံနှိပ်နိဒါန်း

ဤအသောကကျောက်စာ မြန်မာပြန်တွင် ပါရှိသည့် အသောကကျောက်စာများသည် ဘုရားကျောက်စာ, သိမ်ကျောက်စာ စသည်တို့ကဲ့သို့ ဘုရားအကြောင်း, သိမ်အကြောင်း စသည်ကို ပြဆိုသော သမိုင်းကျောက်စာမျိုးများ မဟုတ်ကြ၊ အသောကမင်းတရားကြီး အုပ်စိုးသော ဇမ္ဗူဒီပအင်ပါယာအတွင်း အနယ်နယ်အရပ်ရပ်ရှိ တိုင်းသူပြည်သား လူအများတို့ တဦးနှင့် တဦး ချစ်ချစ်ခင်ခင် သင့်သင့်မြတ်မြတ် ချမ်းချမ်းသာသာ နေထိုင်နိုင်ကြစေရန် ဗုဒ္ဓဘုရားရှင်၏ တရားတော်နှင့်အညီ လိုက်နာ ကျင့်ကြံသင့်သော အချက်များကို ညွှန်ပြသည့် အဆုံးအမ ဩဝါဒများ ဖြစ်ကြလေသည်။

ထို ဆုံးမဩဝါဒများဖြစ်သည့် ကျောက်စာများသည် အသောက မင်းတရားကြီး၏ ထင်မြင်ယူဆချက် စိတ်ကူးယဉ်အတွေးအခေါ် သက်သက်မဟုတ်ကြ၊ ဘုရားရှင် ဟောကြားတော်မူခဲ့သော တရားများကို ရဟန်းသံဃာတော်များထံမှ အထူးသဖြင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ် အမှူးရှိသော သံဃာတော်များထံမှ ကျနစွာ နာယူသင်ကြားပြီးလျှင် မိမိကိုယ်တိုင် ကောင်းစွာ နားလည် သဘောပေါက်သည့်အတိုင်း တိုင်းသူပြည်သား လူအများတို့ လိုက်နာ ကျင့်ကြံစေရန် ကျင့်ဝတ်တရား ဆုံးမဩဝါဒစကားများ ဖြစ်ကြောင်း ကောင်းစွာ သိနိုင်ပေသည်၊ အဘယ့်ကြောင့်ဆိုသော် ဤ အသောက ကျောက်စာများတွင် ပါရှိသမျှ စကားများ၏ ဆိုလိုရင်း အချက်များကို ထိုထို ဘုရားဟော ဒေသနာပါဠိတော်များတွင် အဖေ့အင သာဓကတွေ့ရှိနိုင်သောကြောင့် ဖြစ်ပေသည်။

ဤ "အသောက ကျောက်စာပါ" ကျင့်ဝတ်ဆိုင်ရာ တရားစကားများသည် ဘုရားဟော ဒေသနာတော်နှင့်အညီ ဖြစ်ရုံသာမက ထိုထို ဒေသနာတော်များ၏ သဘောသွားအဓိပ္ပါယ်များကို အသောက မင်းတရားကြီးကိုယ်တိုင် နက်နက်နဲနဲ နားလည်သဘောပေါက်သည့်အတိုင်း တရားသဘောမှ အလုပ်သဘောရောက်သည်အထိ အကောင်အထည် ပေါ်စေရန် ထုတ်ဆောင်ပြဆိုထားသော အချက်များဖြစ်သဖြင့် (၁) ပိဋကကျမ်းဂန်သင်အံ ပို့ချကြသော ရဟန်းသံဃာတော်များအတွက်ရင်း, (၂) တိုင်းပြည်အုပ်ချုပ်ကြသော အစိုးရအရာရှိများအတွက်ရင်း, (၃) လုပ်သားပြည်သူများအတွက်ရင်း အလွန်အကျိုးများဖွယ်ရာ တရားစကားများ ဖြစ်ပေသည်။

(၁) ရဟန်းသံဃာတော်များအတွက် အကျိုးများဖွယ် ဖြစ်ပုံမှာ - ထိုကျောက်စာပါ သဘောတရားများကို ဘုရားဟော ဒေသနာတော်များတွင် အရင်က မတွေ့ဘူးသေးလျှင် ယခုတွေ့ရှိရသော အားဖြင့်ရင်း, တွေ့ရှိဘူးသော်လည်း ၎င်း သဘောတရားများကို အသောက မင်းတရားကြီးကဲ့သို့ ထိထိရောက်ရောက် သဘော ပေါက်သော အဖြစ်သို့ ရောက်ရခြင်းအားဖြင့်ရင်း, နားလည်သဘောပေါက်ပြီးသည်ကို ကျင့်ဝတ်အဖြစ်သို့ ရောက်သည်အထိ အကောင်အထည် ပေါ်နိုင်သည်ကို သိရသောအားဖြင့်ရင်း အလွန်အကျိုးများဖွယ် ဖြစ်ပေသည်၊

(၂) အစိုးရအရာရှိများအတွက် အကျိုးများဖွယ် ဖြစ်ပုံမှာ - သာသနာတော်ကျိုး,



လောကကျိုး နှစ်မျိုးကို အောင်မြင်ဆုံး, အများကြေနပ်လောက်ဆုံး ဆောင်ရွက်ခဲ့သဖြင့် ဗုဒ္ဓဘာသာဆိုင်ရာ သမိုင်းကျောက်စာ ရာဇဝင်တွင် အထင်ရှားဆုံး ဖြစ်သော အသောက မင်းတရားကြီး၏ တိုင်းသူပြည်သားများ အပေါ် ကျေးသား ရင်သား မခြားနားဘဲ သားသမီးများပမာ သဘောထားပုံ, တရားမျှတစွာ စီမံဆောင်ရွက်ပုံ စသည်များကို သမ်ဘ်းစာယူ နမူနာထား၍ ဆောင်ရွက်နိုင်သဖြင့် အလွန်အကျိုးများဖွယ် ဖြစ်ပေသည်။

(၃) လုပ်သားပြည်သူများအတွက် အကျိုးများဖွယ် ဖြစ်ပုံမှာ - ကျောက်စာပါ ကျင့်ဝတ်များကို လိုက်နာကျင့်ကြံနေထိုင်ပါက ကြီးနိုင်ငယ်ညှင်းစသော မတရားမှုများ ကင်းပျောက်၍ မိသားစု စိတ်ဓာတ်ပေါက်ပြီးလျှင် အချင်းချင်း ကူညီဖို့ပင်းကာ ချမ်းသာသုခရနိုင်ကြောင်း နည်းလမ်းကောင်းကို သိရသဖြင့် အလွန်အကျိုးများဖွယ် ဖြစ်ပေသည်။

ဤသို့ သာသနာတော်ကျိုး, လောကကျိုး နှစ်မျိုးအတွက် အစိုးရနှင့်တကွ ရဟန်းရှင်လူ ပြည်သူလုပ်သား အားလုံးတို့အား အကျိုးများစေမည်ဖြစ်၍ ဤ အသောကကျောက်စာ မြန်မာပြန်သည် ပြည်ထောင်စု မြန်မာပြည်တွင် ယခုဖြစ်နေသည့် အခြေအနေနှင့်အလွန်သင့်လျော် လျောက်ပတ်သည်ဟု အရှင် အာဒိစ္စဝံသ စာပေ ဖြန့်ချိရေး အဖွဲ့က ထင်မြင်ယူဆပါသည်၊ ထို အဖွဲ့၏ အဓိက ရည်ရွယ်ချက်များမှာ (၁) ဆရာကြီးရေးသားသွားသော လက်ရေးစာမူများကို ရှာဖွေစုဆောင်းရန်နှင့် ရိုက်နှိပ်ထုတ်ဝေရန်, (၂) ရိုက်နှိပ်ပြီး၍ ကုန်နေသည့် စာအုပ်များကိုလည်း အသစ်တဖန် ထုတ်ပြန်ရန် တို့ဖြစ်၍ လွန်ခဲ့သော ၁၂၉၄-ခု၊ ၁၉၃၂ ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့၍နှစ်ပေါင်းအတော်ကြာကုန်နေခဲ့သော အသောကကျောက်စာမြန်မာပြန်ကိုရှေးဦးစွာ ပုံနှိပ်ထုတ်ဝေရန် အဖွဲ့က သဘောတူဆုံးဖြတ်ခဲ့ပါသည်။

ထို ဆုံးဖြတ်ချက်အရ စာအုပ်ပုံနှိပ်ရာတွင် အဖွဲ့ဥက္ကဋ္ဌ အရှင် သေဋ္ဌိလ ကိုယ်တိုင် စာအုပ်အစမှ အဆုံးတိုင် ပရူးဖ်( proof )ကို ဖတ်၍ မူလစာမူအတိုင်း ဝါကျ-ပိုဒ်ကန့်--ဖြတ်ရပ်နည်း ကျနအောင် ကြီးကြပ် ပြင်ဆင်ကာ ရိုက်နှိပ်ပါသည်၊ ဤ စာအုပ်၌ ဝါကျထားသို ပိုဒ်ကန့်ဖြတ်ရပ်ပုံ, စာအုပ်ရိုက်နှိပ်ထားရှိပုံမှာ အခြားမြန်မာ စာအုပ်များနှင့်မတူ တမူထူးခြား နောင်လာနောက်သားတို့ နည်းယူလောက်သည့် စည်းကမ်းနည်းလမ်းများနှင့်အညီ ကျကျနန စီစဉ်ထားသဖြင့် ရိုက်နှိပ်ရာတွင် အလွန်ဝန်လေးခက်ခဲသည်ကို ပမာမထားသည်းခံသော စံရှားပုံနှိပ်တိုက်ရှင်အား ၎င်း, စာအုပ် ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ စီစဉ်ပေးသော အရှင် သုစရိတမ္မ အား၎င်း, စာမူကို အစမှအဆုံးတိုင် တည်းဖြတ်ရှပေးသော အရှင် ဥတ္တိက နှင့် အရှင် ကလျာဏ တို့အား၎င်း အဖွဲ့၏ ကိုယ်စား အဖွဲ့ဥက္ကဋ္ဌက အထူးကျေးဇူးတင်ပါသည်။

အထက်တွင် ဖော်ထုတ် အကျဉ်းချုပ်ညွှန်ပြ ကောင်းလှသည့် မင်္ဂလာ အဖြာဖြာသော ဂုဏ်ပြည့်စုံကြွယ်ဝ သာသနာနှင့်လောက နှစ်ဝသောအကျိုး ပွါးတိုးစေရာ အမြိုက်ရတနာ အမှန် ဤကျောက်စာတော် မြန်မာပြန်ကို ဥာဏ်အလင်းပေါက် သဘောမှန် ရောက်သည်အထိ မိမိရရ ဖတ်ရှုကြလျက် အတ္တပရ နှစ်ဝ အကျိုး ပွါးတိုးစေကြောင်း ကျောက်စာပါ ကျင့်ဝတ်ကောင်းများကို နှစ်ထောင်းအားရ လိုက်နာကျင့်ကြံနိုင်ကြပါစေကုန်သတည်း။

**အရှင် သေဋ္ဌိလ** (၁-၁၂-၆၀)